# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားညီညွတ်ရေးအစိုးရ

## အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန

| | |
|---|---|
| **မူဝါဒ၏အမည်** | **ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ** |
| **တာဝန်ခံဝန်ကြီးဌာန** | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန |
| **ရေးဆွဲသည့်ရက်စွဲ** | ၁-၅-၂၀၂၃ |
| **အတည်ပြုသည့်ရက်စွဲ** | ၃၀-၁၀.၂၀၂၃ |
| **ခွင့်ပြုသည့်ရက်စွဲ** | ၃၀-၁၀.၂၀၂၃ |
| **စတင်အသက်ဝင်သည့်ရက်စွဲ** | ၃၀-၁၀.၂၀၂၃ |
| **ပြန်လည်သုံးသပ်ရမည့်ရက်စွဲ** | ၃၀-၁၀-၂၀၂၆ |

**မာတိကာ** **စာမျက်နှာ**

၁။ နိဒါန်း ..................................................... ၃

၂။ အခြေအနေများကိုဆန်းစစ်သုံးသပ်မှုပြုခြင်းအကျဉ်း ..................................................... ၄

၃။ ရည်ရွယ်ချက် ..................................................... ၅

၄။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ..................................................... ၅

၅။ မူဝါဒသက်ရောက်မည့်နယ်ပယ် ..................................................... ၇

၆။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း ..................................................... ၈

၇။ တစ်ဦးချင်းစီ၏တာဝန်နှင့် ဝတ္တရားများ ..................................................... ၁၃

၈။ လိုက်နာရမည့်ကျင့်ဝတ်များ ..................................................... ၁၆

၉။ သတင်းပို့တိုင်ကြားခြင်း ..................................................... ၁၇

၁၀။ အရေးယူမှုပြုခြင်း ..................................................... ၁၉

၁၁။ တိုင်ကြားသူအား အကာအကွယ်ပေးခြင်း ..................................................... ၁၉

၁၂။ အကူအညီပေးခြင်း ..................................................... ၂၀

၁၃။ အကောင်အထည်ဖော်ခြင်း ..................................................... ၂၁

၁၄။ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း ..................................................... ၂၂

## ၁။ နိဒါန်း

မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူစာချုပ်များဖြစ်သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Rights of the Child) အား ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် လည်းကောင်း၊ ကလေးသူငယ်များအား ရောင်းချခြင်း၊ ကလေးသူငယ်ပြည့်တန်ဆာနှင့် ကလေးသူငယ်ညစ်ညမ်းစာပေဆိုင်ရာနောက်ဆက်တွဲ သဘောတူစာချုပ်အား ၂၀၁၂ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်နေ့တွင်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ်အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (United Nations Convention on the Elimination of All Forms of Discrimination) အား ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် လည်းကောင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အား ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက် အမှတ် ၂၉၊ အဓမ္မခိုင်းစေမှုဆိုင်ရာ (၁၉၃၀) (Forced Labor Convention) ကိုလည်းကောင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ကလေးသူငယ်များအားအလုပ်ခိုင်းစေခြင်းဆိုင်ရာ သဘောတူစာချုပ်အမှတ်- ၁၈၂ ကိုလည်းကောင်း၊ အနိမ့်ဆုံးအသက်အရွယ်ဆိုင်ရာသဘောတူစာချုပ် အမှတ် - ၁၃၈ တို့ကိုလည်းကောင်း အသီးသီးအတည်ပြု လက်မှတ်ရေးထိုးထားခဲ့ပါသည်။ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် သဘောတူစာချုပ်များပါ အချက်များကို အကောင်အထည်ဖော်ရန် တာဝန်ဝတ္တရား အပြည့်အဝရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ထောင်ဖွဲ့စည်းခဲ့သည့် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ် မြန်မာ့နွေဦးတော်လှန်ရေးကာလတွင် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြသော အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများအားလုံး၏ ရဲရင့်သတ္တိရှိမှု၊ စည်းလုံးညီညွတ်မှုများကို ကိုယ်စားပြုနိုင်ရန် အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးနိုင်ရန်အတွက် ဤဝန်ကြီးဌာနကို ဖွဲ့စည်းထားရခြင်းဖြစ်ပါသည်။

စစ်အာဏာသိမ်းရန် ကြိုးစားပြီးသည့်နောက်တွင် စစ်အာဏာသိမ်းကောင်စီသည် အမျိုးသမီးများအပေါ် အကြမ်းဖက် ရိုက်နှက်မှုများ၊ အတင်းအဓမ္မပြုကျင့်မှုများ၊ ကလေးသူငယ်များပေါ် ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ အပါအဝင် မြန်မာ့နွေဦးတော်လှန်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့ကြသော လူထုလူတန်းစား အသီးသီးများအပေါ် အတင်းအဓမ္မဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ မတရားသော

မမှန်ကန်သော ဥပဒေပုဒ်မများတပ်ပြီး ထောင်တွင်းအကျဉ်းချခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက် ရှိပါသည်။

ထို့အတွက်ကြောင့် ဤဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ ၊ ကျောင်းသားလူငယ်လူရွယ်များ အတွက် လွတ်လပ်မှု၊ လုံခြုံမှု၊ တရားမျှတမှုရှိအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွား ပါမည်ဟု သန္နိဋ္ဌာန်ပြုထားပါသည်။ ထိုသန္နိဋ္ဌာန်အောင်မြင်ဖို့ရန်အတွက် ချမှတ်ထားသော ရေရှည်မျှော်မှန်းချက်မှာ ဝန်ကြီးဌာနသည် ပြည်သူလူထုမှ ဦးဆောင်သည့် ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စု ဖက်ဒရယ် မြန်မာနိုင်ငံတော် အတွင်း အမျိုးသမီး၊ လူငယ်များနှင့် ကလေးသူငယ်များအနေဖြင့် အခွင့်အလမ်းများ တန်းတူ ညီမျှစွာရရှိပြီး၊ သာယာဝပြောသော၊ လုံခြုံသော ဘဝများ ဖြစ်ပေါ်ရေးကို မျှော်မှန်းထားပါသည်။

ထိုမျှော်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနသည် အောက်ပါ ဦးတည်ချက် ၃ ရပ်တို့ကို ချမှတ်ထားပါသည်-

၁။ ကြားကာလအတွင်းနှင့် အသွင်ကူးပြောင်းရေးကာလအတွင်း အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ အခွင့်အရေး ချိုးဖောက် ခံရမှုများကို အကာအကွယ်ပေးနိုင်ရန်နှင့် အခွင့်အရေးအပြည့်အဝ ရရှိနိုင်စေရန်၊

၂။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ လုံခြုံရေးနှင့် ရှင်သန်ရပ်တည်ရေးတို့အတွက် ထောက်ပံ့ပေးရန်၊

၃။ အမျိုးသမီး၊ လူငယ်၊ ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသည့် အခန်းကဏ္ဍများတွင် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကဏ္ဍအသီးသီးတွင် ပါဝင်နိုင်မှုမြင့်တင်နိုင်ရန် တို့ ဖြစ်ပါသည်။

## ၂။ အခြေအနေများကိုဆန်းစစ်သုံးသပ်မှုပြုခြင်းအကျဉ်း

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းရန် ကြိုးစားပြီးသည့်နောက်ပိုင်းကာလတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာများ၊ ကျူးလွန်မှုများ၊ စွပ်စွဲချက်များ၊ အနိုင်ကျင့်မှုများ စသည့် ဖြစ်ရပ်များ တစ်စတစ်စ များပြား လာသည်ကို တွေ့ရပါသည်။ ၂၀၂၁ ခုနှစ်ကာလကတည်းကအစပြု၍ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် ဖြစ်ရပ်များကို အမျိုးသမီး၊ လူငယ်နှင့်

ကလေးသူငယ်ရေးရာ ဝန်ကြီးဌာနသို့ တိုင်ကြားမှုများ ရှိခဲ့ပါသည်။ တိုင်ကြားမှုများရှိခဲ့သော်လည်း တိုင်ကြားမှုများအား စနစ်တကျ၊ အချိန်နှင့်တစ်ပြေးညီ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ရှင်းလင်းသည့် လုပ်ထုံးလုပ်နည်း မရှိခဲ့သည့်အတွက်ကြောင့် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရခြင်း၊ လိုအပ်သည့်ကုစားမှုများနှင့် အကူအညီများကို အချိန်မီပံ့ပိုး ကူညီမှုများပေးနိုင်ရေးကို အခက်အခဲများ ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ကျူးလွန်သူများ လွတ်မြောက်နေသည့်အလေ့အထ မဖြစ်ပေါ်စေပဲ ကျူးလွန်သူများအနေဖြင့် ကျူးလွန်သည့်ဖြစ်ရပ် အလိုက် တာဝန်ယူမှုများ ပြုနိုင်ရေးကို ကြိုးစား အားထုတ် ဆောင်ရွက်လျက် ရှိပါသည်။

## ၃။ ရည်ရွယ်ချက်

ယခုမူဝါဒ ရေးဆွဲရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၏လုပ်ငန်းစဉ်များနှင့် အစီအစဉ်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေး အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနများနှင့် ဆက်စပ်ပတ်သက်လာရသည့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပြုခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ လျစ်လျူရှုမှု ပြုခြင်းနှင့် ထိခိုက်စေမှုဘေးအန္တရာယ် တစ်ခုခုမဖြစ်စေရန်နှင့် ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ အရေးယူတုံ့ပြန်မှုများပြုနိုင်ရန်အတွက်ဖြစ်ပါသည်။

## ၄။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

**ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်။

**ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြုခြင်း** ( **Physical Violence)** ဆိုသည်မှာ မည်သူမဆို ကလေးသူငယ်အပေါ် ထိခိုက်ဒဏ်ရာ ရစေခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် သေစေခြင်းစသည် တို့ကို ရည်ရွယ်ဖြစ်စေသည့် အပြုအမူများ အားလုံးကို ဆိုလိုပါသည်။

**လိင်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခြင်း** (**Sexual Abuse)** ဆိုသည်မှာ ကလေးသူငယ်က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လိင်ပိုင်းဆိုင်ရာ ပြုလုပ်မှုတစ်ရပ်ရပ် သို့မဟုတ် ထိုသို့ပြုလုပ်စေရန် အတင်းအကျပ်ပြု

စေသည့်အပြုအမူလုပ်ရပ်အားလုံးပါဝင်ပါသည်။ ဖော်ပြပါဆိုလိုချက်တွင် ခန္ဓာကိုယ်ဖြင့်တိုက်ရိုက်ထိတွေ့မှုမရှိသော လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခြင်း ( ဥပမာ - လိင်ပိုင်းဆိုင်ရာအစိတ်အပိုင်းတစ်ခုခုကို ပြသခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြောင်းအရာတစ်ခုခုကို ကြည့်ရှုစေခြင်း၊ လိင်ပိုင်းဆိုင်ရာ မသင့်တော်သည့်အရာများကိုပြောဆိုခြင်း၊ ကလေးသူငယ်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော လိင်ပိုင်းဆိုင်ရာအသုံးအနှုန်းအပြောအဆိုများဖြင့် အနှောင့်အယှက်ပေးခြင်းတို့လည်း ပါဝင်ပါသည်။

**စိတ်ပိုင်းဆိုင်ရာ လွဲမှားစွာပြုကျင့်ခြင်း** (**Emotional Abuse**) ဆိုသည်မှာ ကလေးသူငယ်၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး၊ ဉာဏ်ရည်ပိုင်း သို့မဟုတ် စိတ်လှုပ်ရှားမှုကိစ္စတစ်ရပ်ရပ်အား ထိခိုက်စေခြင်း သို့မဟုတ် ဆိုးရွားသည့်ရလဒ်တစ်ခုခုကို ဖြစ်စေနိုင်သည့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ဆိုလိုပါသည်။

**လျစ်လျူရှုမှုပြုခြင်း** (**Neglect**) ဆိုသည်မှာ အခြေအနေ၊ အနေအထားနှင့် အရင်းအမြစ်များအရ ကလေးသူငယ်၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ယုံကြည်သက်ဝင်မှု၊ စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ပြင်းပြင်းထန်ထန် ထိခိုက်စေမှုများကိုဖြစ်ပေါ်နိုင်သည့် ကလေးသူငယ်တစ်ဦး အနေဖြင့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အမြဲပျက်ကွက်နေခြင်းကို ဆိုသည်။ ထို့အပြင် အန္တရာယ်ကင်းသည့်နေရာနှင့်နေအိမ်၊ အာဟာရများ ပံ့ပိုးပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် သင့်တင့်လျောက်ပတ်စွာထိန်းသိမ်းကြီးကြပ်မှုပေးရန် ပျက်ကွက်ခြင်းများလည်း ပါဝင်ပါသည်။

**လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း** (**Sexual Exploitation**) ဆိုသည်မှာ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာကိစ္စရပ်တစ်ခုခုအတွက် ငွေကြေး၊ လက်ဆောင်များ၊ အစာအစား၊ နေရာထိုင်ခင်း၊ ချစ်ခင်ကြင်နာမှု၊ အဆင့်အတန်း သို့မဟုတ် ကလေးသူငယ်များ သို့မဟုတ် မိသားစု၏ လိုအပ်ချက်တစ်ရပ်ရပ်ကို ပေးကမ်းလဲလှယ်၍ လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်တွင် ပါဝင်ပတ်သက်စေခြင်းနှင့် ဆိုင်ဘာနှင့်လူမှုကွန်ယက်တစ်ခုခုကိုအသုံးပြု၍ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းတို့ကို ဆိုလိုပါသည်။

**စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်း** (**Commercial Exploitation**) ကလေးသူငယ်တစ်ဦးအား မိမိကိုယ်တိုင် သို့မဟုတ် အခြားသူ တစ်ဦးဦး၏ အကျိုးစီးပွားအတွက် လုပ်ငန်းခွင် သို့မဟုတ် အခြားအရာများတွင် တစ်နည်းနည်းဖြင့် အသုံးချခြင်း နှင့် ကလေးသူငယ်၏ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ ပညာရေး၊ ကိုယ်ကျင့်တရား သို့မဟုတ် လူမှုရေးဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည့် အခြေအနေ များကို ဖြစ်ပေါ်စေခြင်းတို့ကို ဆိုလိုပါသည်။

## ၆။ မူဝါဒသက်ရောက်မည့်နယ်ပယ်

**ယခုမူဝါဒ သက်ရောက်မည့်နယ်ပယ် နှင့်လူပုဂ္ဂိုလ်များမှာအမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနအားလုံး၏လက်အောက်တွင်ရှိသော ဝန်ထမ်းများ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများ နှင့် ဆက်စပ် ပတ်သက်သူများ တို့ဖြစ်ပါသည်။**

**ဝန်ထမ်းများ** - ဝန်ကြီးဌာနအားလုံးမှ ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနမှူးများ၊ ပြောရေးဆိုခွင့်ရှိသူများ၊ ဝန်ကြီးဌာန၏လုပ်ထုံးလုပ်နည်းအရတရားဝင် ခန့်အပ်ထားသည့်သူများ၊ ဝန်ကြီးဌာနအလိုက် ဌာန၏အချိန်ပြည့် သို့မဟုတ် အချိန်ပိုင်း ဝန်ထမ်း များအဖြစ် သတ်မှတ်ထားသူများ။

**ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ-** ကာကွယ်ရေးဝန်ကြီးဌာန၏ကွပ်ကဲမှုအောက်တွင်ရှိသော အတည်ပြုထားသော တပ်ရင်း၊တပ်ဖွဲ့၊ စစ်ကြောင်းများ၊ တိုင်း၊ခရိုင်၊မြို့နယ်၊တိုက်နယ် အလိုက် ဖွဲ့စည်းထားသော ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ တို့တွင် ပါဝင်နေကြသည့် အဖွဲ့ဝင်များအားလုံး။

**ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ** - ဝန်ကြီးဌာနများ၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ကူညီကြသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အကြံပေးဘုတ်အဖွဲ့ဝင်များ၊ နည်းပညာပံ့ပိုးကူညီပေးသူများ၊ ဝန်ကြီးဌာနနှင့်ချိတ်ဆက်၍ ရန်ပုံငွေရှာဖွေရာတွင် ကူညီကြသူများ နှင့်အခြားစေတနာ့ဝန်ထမ်းများ

**မိတ်ဖက်ပြုထားသူများ** - ဝန်ကြီးဌာနအလိုက် လုပ်ငန်းသဘောသဘာဝအရ မိတ်ဖက်အဖြစ် သတ်မှတ်ဆောင်ရွက်နေသည့်အဖွဲ့အစည်းများလက်အောက်ရှိသူများအားလုံး၊ သက်ဆိုင်ရာဝန်ကြီးဌာန၏အထူး လုပ်ထုံးလုပ်နည်းအရ မိတ်ဖက်ပြု၍ ချိတ်ဆက်ဆောင်ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ။

**အခြားဆက်စပ်ပတ်သက်သူများ** - အထက်တွင်ဖော်ပြထားသည့်သူများတွင်မပါဝင်ပဲ အမျိုးသားညီညွတ်ရေး အစိုးရ စီမံအုပ်ချုပ်မှုအောက်တွင်ရှိသော အဖွဲ့တစ်ခုခုဖြင့်ဆက်စပ်ပတ်သက်လာ သူများ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့်တစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်လာသူများ။

## ၇။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီ၊ လုပ်ငန်း ကော်မတီနှင့် မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

### ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးချုပ်သည် အမျိုးသားညီညွတ်ရေးအစိုးရဝန်ကြီးများ အစည်းအဝေး ၏သဘောတူညီချက်နှင့်အညီ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်ကော်မတီကို အောက် ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ/ အမြဲတမ်းအတွင်းဝန်များ | အဖွဲ့ဝင် |
| (ဂ) | သတ်မှတ်နယ်မြေများမှ တာဝန်ရှိသူများက ရွေးချယ်တာဝန်ပေးအပ်သူများ | အဖွဲ့ဝင် |
| (ဃ) | ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော ကိုယ်စားလှယ် (၃) ဦး | အဖွဲ့ဝင် |
| (င) | ကလေးသူငယ်များအစုအဖွဲ့များမှ ရွေးချယ်ပေးသော ကလေးသူငယ် ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (စ) | အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးချုပ်/အမြဲတမ်းအတွင်းဝန် | အတွင်းရေးမှူး |

### လုပ်ငန်းတာဝန်များ

နိုင်ငံတော်အဆင့်ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ငန်းတာဝန်များကို လိုအပ်ချက်ပေါ် မူတည်၍ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင် ပါသည်။

(၁) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့် ပတ်သက်၍ လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် ပြင်ဆင်မွမ်းမံမှုများနှင့် ကြီးကြပ်မှုများပြုလုပ်ပေးရမည်။

(၂) မူဝါဒအား စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ (လူအင်အား၊ ရန်ပုံငွေများ၊ နည်းပညာများနှင့် အခြားအရာများ) ရရှိနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပလူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်မှုရှိသည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များတို့နှင့် ပူးပေါင်းညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ရန်ပုံငွေများရှာဖွေပေးခြင်းကို ဆောင်ရွက်ရမည်။

(၃) မူဝါဒအား အကောင်အထည်ဖော်ရာတွင် လိုအပ်မည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ လုပ်ငန်းလမ်းညွှန်များကို ထုတ်ပြန်၍လမ်းညွှန်မှုများပေးရမည်။

(၄) မူဝါဒနှင့်ပတ်သက်၍ လိုအပ်မည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများ၊ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့များ ချိတ်ဆက်၍ ကောက်ယူခြင်း၊ စုစည်းခြင်း၊ ပြုစုခြင်းနှင့် ထုတ်ပြန်ပေးမှုများ ပြုလုပ်ရမည်။

(၅) အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ရှိ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးတွင် မူဝါဒပါ အချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော လမ်းညွှန်မှုများပေးရမည်။

(၆) လုပ်ငန်းကော်မတီ၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိ၍ အယူခံတင်သွင်းလာသည့် ဖြစ်ရပ်များကို ကြားနာမှုနှင့်အဆုံးအဖြတ်များပေးနိုင်ရေးအတွက် လိုအပ်ပါက နိုင်ငံတော်အဆင့် ကော်မတီ၏ ဥက္ကဋ္ဌ သည် နိုင်ငံတော်အဆင့်ကော်မတီအဖွဲ့၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်အဆင့်ကော်မတီအဖွဲ့ဝင်များနှင့်အတူ၊ မိမိကိုယ်တိုင်ပါဝင်၍ အယူခံအဖွဲ့ကို ဖွဲ့စည်း၍ အယူခံလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။

(၇) မူဝါဒနှင့်ပတ်သက်သည့်လုပ်ငန်းများဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် အခြားကိစ္စရပ်များကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သို့ သုံးလတစ်ကြိမ် တင်ပြအစီရင်ခံရမည်။

(၈) နိုင်ငံတော်အဆင့်ကော်မတီ၏ပုံမှန်အစည်းအဝေးကို အနည်းဆုံး နှစ်လလျှင်တစ်ကြိမ် ပြုလုပ်ရမည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နိုင်ငံတော်အဆင့်ကော်မတီ၏ဥက္ကဋ္ဌသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ ပြင်ဆင် ဖွဲ့စည်းနိုင်ပါသည်။

(က) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဥက္ကဋ္ဌ

(ခ) ကာကွယ်ရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ အဖွဲ့ဝင်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနနှင့်

လူ့အခွင့်အရေးဝန်ကြီးဌာနတို့မှ ယခုမူဝါဒအတွက်တာဝန်ခံအဖြစ် သတ်မှတ်ထားသည့်

ကိုယ်စားလှယ် (၄) ဦး

(ဂ) သတ်မှတ်နယ်မြေများမှ တာဝန်ရှိသူများက ရွေးချယ်တာဝန်ပေးအပ်သူများ အဖွဲ့ဝင်

(ဃ) ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော အဖွဲ့ဝင် ကိုယ်စားလှယ် (၃) ဦး

(င) ကလေးသူငယ်အစုအဖွဲ့များမှ ရွေးချယ်ပေးသော ကလေးသူငယ် အဖွဲ့ဝင်

ကိုယ်စားလှယ် (၂) ဦး

(စ) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၊ အတွင်းရေးမှူး

ကလေးသူငယ်ရေးရာဌာန ညွှန်ကြားရေးမှူး/ ဌာနတာဝန်ခံ

## လုပ်ငန်းတာဝန်များ

လုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ငန်းတာဝန်များကို လိုအပ်ချက်ပေါ်မူတည်၍ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင်ပါသည်။

(၁) နေရာဒေသအသီးသီးရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ လူငယ်များ၊ ဝန်ထမ်းများ၊ ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများ၊ အခြားဆက်စပ်သူများအားလုံး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့် လိုက်နာရမည့်ကျင့်ဝတ်များ၊

သတင်းပို့တိုင်ကြားခြင်းနည်းလမ်းများကို နားလည်သိရှိလာအောင် သက်ဆိုင်သူများနှင့်ပူးပေါင်း၍ အသိပညာများပေးခြင်း၊ အမြင်ဖွင့်သင်တန်းများ ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(၂) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွပ်စွဲချက်၊ တိုင်ကြားချက်၊ အကြောင်းကြားချက်များကို လက်ခံ၍၊ နိုင်ငံတော်အဆင့်ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်အကြောင်းကြား သတင်းပေးပို့ ရမည်။

(၃) နိုင်ငံတော်အဆင့်ကော်မတီ၏ လမ်းညွှန်မှုဖြင့် စုံစမ်းစစ်ဆေးခြင်းနှင့် ထိထိရောက်ရောက်အရေးယူခြင်းများ ပြုလုပ်နိုင်ရန် သက်ဆိုင်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(၄) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့်ပတ်သက်သည့် တိုင်ကြားချက်များ၊ စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများနှင့် ဆက်စပ်သည့် အထောက်အထားစာရွက်စာတမ်းများ၊ အချက်အလက်၊ အကြောင်းအရာများကို သက်ဆိုင်သူများနှင့် တာဝန်ရှိသူများမှလွဲ၍ အခြားမည်သူမျှ မသိရှိအောင် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရမည်။

(၅) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘေးအန္တရာယ်ဆန်းစစ်လေ့လာခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေကို ဆန်းစစ်လေ့လာခြင်းတို့ကို နိုင်ငံတော်အဆင့်ကော်မတီ၊ နည်းပညာကျွမ်းကျင်သူများ၊ ကလေးသူငယ်အစုအဖွဲ့များ နှင့်ကလေးသူငယ်ရေးရာ အရပ်ဖက်အဖွဲ့ အစည်း အသီးသီးများနှင့် လည်း တိုင်ပင်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(၆) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အခက်အခဲများ၊ အကြံပြုချက်များကို နိုင်ငံတော်အဆင့်ကော်မတီ၊ နိုင်ငံတော်အဆင့်ကော်မတီမှတဆင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများကို ပုံမှန်အစီ အရင်ခံစာများပေးပို့ရမည်။

(၇) လုပ်ငန်းကော်မတီ၏ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ်ပြုလုပ်ရမည်။

**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် အဖွဲ့ ဖွဲ့စည်းခြင်း**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နိုင်ငံတော်အဆင့်ကော်မတီ၏ဥက္ကဌသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် အဖွဲ့များကို

အောက်ဖော်ပြပါ ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်ပါသည်။

(က) ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ပေးအပ်သူ/ သတ်မှတ်နယ်မြေအလိုက် ဥက္ကဋ္ဌ
တာဝန်ရှိအဖွဲ့အစည်းများက ရွေးချယ်တာဝန်ပေးအပ်သူ

(ခ) ကလေးသူငယ်အစုအဖွဲ့များက ရွေးချယ်ပေးသော အဖွဲ့ဝင်
ကလေးသူငယ်ကိုယ်စားလှယ် (၂) ဦး

(ဂ) ကလေးသူငယ်အရေးဆောင်ရွက်နေသည် အဖွဲ့အစည်းများမှ ရွေးချယ်ပေးသော အဖွဲ့ဝင် ကိုယ်စားလှယ် (၁) ဦး

(ဃ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူ (၂)ဦး အဖွဲ့ဝင်

(င) အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ပေးအပ်သူ အတွင်းရေးမှူး
(သို့မဟုတ်) သတ်မှတ်နယ်မြေအလိုက် တာဝန်ရှိအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ တာဝန်ပေးအပ်သူ

**လုပ်ငန်းတာဝန်များ**

မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် ဖွဲ့စည်းထားသည့် အဖွဲ့များ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ လုပ်ငန်းတာဝန်များကို လိုအပ်ချက်ပေါ်မူတည်၍ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်နိုင်ပါသည်။

(၁) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ အား သက်ဆိုင်ရာမြို့နယ်/ သတ်မှတ်နယ်မြေများတွင် လက်တွေ့အကောင်အထည် ဖော်နိုင်ရေး အတွက် လိုအပ်သော အစီအစဉ်များကို လုပ်ငန်းကော်မတီနှင့်ညှိနှိုင်းရေးဆွဲ၍ မိမိတို့ဒေသ၏ ရေခံမြေခံ အခြေအနေနှင့်လိုက်လျောညီထွေစွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၂) နေရာဒေသအသီးသီးရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ လူငယ်များ၊ ဝန်ထမ်းများ၊ ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများ၊ အခြားဆက်စပ်သူများအားလုံး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့် လိုက်နာရမည့်ကျင့်ဝတ်များ၊ သတင်းပို့တိုင်ကြားခြင်းနည်းလမ်းများကို နားလည်သိရှိလာအောင် သက်ဆိုင်သူများနှင့်ပူးပေါင်း၍ အသိပညာများပေးခြင်း၊ အမြင်ဖွင့်သင်တန်းများ ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(၃) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွပ်စွဲချက်၊ တိုင်ကြားချက်၊ အကြောင်း ကြားချက်များကို လက်ခံရရှိပါက၊ လုပ်ငန်းကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်အကြောင်းကြား သတင်းပေးပို့ရမည်။

(၄) လုပ်ငန်းကော်မတီ၏လမ်းညွှန်မှုဖြင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များပါဝင်သည့်စုံစမ်း စစ်ဆေးရေး အဖွဲ့ အနေဖြင့်လည်းကောင်း သို့မဟုတ် လုပ်ငန်းကော်မတီ၏အဆိုပြုသူများနှင့် မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် ပါဝင်ရမည့်သူ၊ ပါဝင်သင့်သူများနှင့်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးခြင်းများကို ပြုလုပ်ပြီး၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို သတ်မှတ်ပုံစံများနှင့်အညီ စုံစမ်းစစ်ဆေးမှုအစီအရင်ခံစာကို လုပ်ငန်း ကော်မတီသို့ ပြန်လည်ပေးပို့ရမည် ဖြစ်ပါသည်။

(၅) အစီရင်ခံစာအရ လုပ်ငန်းကော်မတီက ချမှတ်ဆုံးဖြတ်သော အရေးယူမှုများအစီအစဉ်များအတိုင်း မိမိတို့ မြို့နယ်/သတ်မှတ်နယ်မြေများတွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားရမည်။

(၆) မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် ဖွဲ့စည်းထားသည့် အဖွဲ့များ၏ပုံမှန်အစည်းအဝေးများကို အနည်းဆုံးတစ်လလျှင်တစ်ကြိမ်ပြုလုပ်ရမည်။

## ၈။ တစ်ဦးချင်း ၏တာဝန်နှင့် ဝတ္တရားများ

**ဝန်ထမ်းများ၊ ဝန်ကြီးဌာနအား ပံ့ပိုးကူညီကြသူများ၊ အခြားဆက်စပ်သူများ**

(က) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့် လိုက်နာရမည့်ကျင့်ဝတ်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်။

(ခ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာနှင့်ဆက်စပ်၍ ချိုးဖောက်မှု၊ သံသယရှိမှု၊ စိုးရိမ်မှု တစ်စုံတစ်ရာတွေ့ရှိလာပါက သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း အသိပေး အကြောင်းကြားခြင်း၊ တိုင်ကြားခြင်း တို့ကို ပြုလုပ်ရမည်။

(ဂ) လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များက စုံစမ်းစစ်ဆေးမှုများပြုလုပ်လာပါက ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လျှို့ဝှက် စောင့်စည်းထိန်းသိမ်း၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။

**မိတ်ဖက်ပြုထားသူများ**

(က) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ နှင့် လိုက်နာရမည့်ကျင့်ဝတ်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန် သဘောတူညီရမည်။

(ခ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ဆက်စပ်၍ ချိုးဖောက်မှု၊ သံသယရှိမှု၊ စိုးရိမ်မှု တစ်စုံတစ်ရာတွေ့ရှိလာပါက သတ်မှတ်ထားသည့်နည်းလမ်းများအတိုင်း အသိပေး အကြောင်းကြားခြင်း၊ တိုင်ကြားခြင်း တို့ကို ပြုလုပ်ရမည်။

(ဂ) လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များက စုံစမ်းစစ်ဆေးမှုများပြုလုပ်လာပါက ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လျှို့ဝှက် စောင့်စည်းထိန်းသိမ်း၍ အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ အရ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မိမိတို့အဖွဲ့ အစည်းများတွင် ကောင်းစွာ သဘောပေါက် နားလည်ပြီး လိုက်နာ လုပ်ဆောင်တတ်လာစေရန် ပြုလုပ်ပေးရမည်။

## ၉။ လိုက်နာရမည့်ကျင့်ဝတ်များ

၁။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒပါ အချက်များကိုလေးစား လိုက်နာပါမည်။

၂။ ကလေးသူငယ်များ၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်းနှင့် ကလေးသူငယ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်းတို့ကို အသိအမှတ်ပြုလက်ခံဆောင်ရွက်ပေးရမည်။

၃။ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအပါအဝင် ခေါင်းပုံဖြတ်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း သို့မဟုတ် ဒုက္ခရောက်သူဖြစ်အောင် ပြုလုပ်ခြင်းမျိုးကိစ္စရပ်များကို ပြုမူဆောင်ရွက်ခြင်းမပြုရပါ။

၄။ ဓါတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးသည့်အခါ ရိုက်ကူးသည့်သူများအားလုံးသည် ကလေးသူငယ်များအပေါ် လေးစားမှုရှိခြင်း၊ လုံလောက်ပြည့်စုံသည့် အဝတ်များဝတ်ဆင်ထားစေခြင်း၊ လိင်မှုကို ညွှန်းစေနိုင်သည့် အမူအရာများမရှိစေရန် သေချာစွာ ပြုလုပ်ရမည် ဖြစ်ပါသည်။

၅။ ကလေးသူငယ်များနှင့်သက်ဆိုင်သည့် ဓါတ်ပုံနှင့် ဗီဒီယိုများကို အသုံးပြုမည်ဆိုပါက ကလေးသူငယ်နှင့် ၎င်း၏ အုပ်ထိန်းသူ၊ မိဘများထံမှ သဘောတူချက်များကို မဖြစ်မနေရယူထားရမည် ဖြစ်ပါသည်။

၆။ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအပါအဝင် ခေါင်းပုံဖြတ်ခြင်း၊ လွဲမှားစွာပြုကျင့်ခြင်း၊ အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းဖြစ်စေနိုင်သည့် ဓာတ်ပုံ၊ ဗီဒီယိုများကို တနည်းနည်းဖြင့် ဖြန့်ဝေခြင်း အသုံးပြုခြင်းတို့ကို မပြုလုပ်ရပါ။

၇။ ကလေးသူငယ်များနှင့် ဆက်ဆံပြောဆိုသည့်အခါ ကလေးသူငယ်များ၏ အခွင့်အရေးကို အခြေပြု၍ ကလေးသူငယ်နှင့်သင့်လျော်ပြီး လိုက်လျောညီထွေမှုရှိသည့် နည်းလမ်းများကိုအသုံးပြု၍ ပြုမူပြောဆိုဆက်ဆံရမည်။

၈။ ကလေးသူငယ်များအပေါ် လွဲမှားစွာပြုကျင့်ခြင်း၊ လျစ်လျူရှုမှုပြုခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်မှုပြုခြင်း ကိစ္စရပ်များကို ပြုမူဆောင်ရွက်သည်ဟု သံသယဖြစ်ပါက၊ လက်ခံရရှိပါက၊ တွေ့ရှိပါက၊ စိုးရိမ်ပါက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး မူဝါဒတာဝန်ခံများသို့ အမြန်ဆုံး (၂၄နာရီအတွင်း) အသိပေး၊ အကြောင်းကြား ရမည်။

၉။ ကလေးသူငယ်များအား လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ဇာတိ၊ လိင်နှင့် လိင်စိတ်ခံယူမှု အပေါ် ခွဲခြားဆက်ဆံမှု မရှိဘဲ လေးစားစွာ ဆက်ဆံရမည်။

၁၀။ ကလေးသူငယ်များက အသိပေးအကြောင်းကြားမှုများ ပြုလုပ်ပါက ကလေးသူငယ်များက ပြောသော စကားကို လေးလေးနက်နက် နားထောင်၍ လိုအပ်သော ဆောင်ရွက်မှုများကို အမြန်ဆုံး ဆောင်ရွက်ပေးရမည်။

၁၁။ ကလေးသူငယ်များအား ရိုက်နှက်ခြင်း၊ ပြစ်ဒဏ်ပေးခြင်းနှင့် ထိခိုက်နာကျင်စေမည့် အပြုအမူများ သို့မဟုတ် ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရမည်။

၁၂။ ကလေးသူငယ်များအား ညစ်ညမ်းသည့် စကားများပြောဆိုခြင်း၊ ဗီဒီယိုနှင့် ဓါတ်ပုံများ ရိုက်ကူးခြင်း၊ စာနှင့်ဓါတ်ပုံများ ပြသခြင်း သို့မဟုတ် ပေးခြင်း တို့ကို မပြုလုပ်ရပါ။

၁၃။ ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိပညာဖွံ့ဖြိုးမှုဆိုင်ရာများကို ထိခိုက်စေနိုင်သော အကြောင်းအရာ၊ အခြေအနေများအား လျစ်လျူရှုမှုပြုခြင်းများကိုမပြုလုပ်ရပါ။

၁၄။ ကလေးသူငယ်များအား မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် နည်းလမ်းတစ်မျိုးမျိုးဖြင့် အသုံးချခြင်းများမပြုလုပ်ရပါ။

၁၅။ ကလေးသူငယ်များအား ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် သို့မဟုတ် စိတ်ကသိကအောင့် ဖြစ်စေနိုင်သော ခန္ဓာကိုယ် အစိတ်အပိုင်းများကို ကိုင်တွယ်ခြင်း၊ ထိတွေ့ခြင်း၊ ပွတ်သပ်ခြင်းနှင့် ပြောဆိုခြင်းတို့ကို ရှောင်ကြဉ်ရမည်။

၁၆။ ကလေးသူငယ်များကို ဥပဒေနှင့် မလွတ်ကင်းသည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် တိုက်တွန်းခြင်း၊ သွေးဆောင်ခြင်း၊ အားပေးကူညီခြင်း သို့မဟုတ် တားဆီးရန် ပျက်ကွက်ခြင်းကို ရှောင်ကြဉ်ရမည်။

၁၇။ ကလေးသူငယ်နှင့် အရွယ်ရောက်သူနှစ်ဦးတည်း အခြားမည်သူမျှ မရှိသည့်နေရာများ၊ မမြင်ကွယ်ရာ သို့မဟုတ် လူပြတ်သောနေရာတွင် အတူရှိနေခြင်းတို့ကို မပြုရ။

၁၈။ အသက် ၁၈ နှစ်အောက်ရှိ ကလေးသူငယ်များနှင့် လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုအတွက် ငွေကြေးပေးခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာဆက်ဆံခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ခြင်းတို့ကို ပြုမူဆောင်ရွက်ခြင်းတို့ကိုမပြုလုပ်ရပါ။

၁၉။ အသက်၁၈နှစ် မပြည့်သေးသော ကလေးသူငယ်များကိုမိမိတို့သက်ဆိုင်ရာလုပ်ငန်းခွင်တစ်ခုခုတွင် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ခိုင်းစေအသုံးပြုခြင်းနှင့် အဓမ္မအလုပ်ခိုင်းစေခြင်း တို့ကို မပြုရပါ။

အထက်ဖော်ပြပါ လိုက်နာရမည့်ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။


လက်မှတ် ---------------------------------------------------------------------------


အမည် ---------------------------------------------------------------------------

တာဝန် ---------------------------------------------------------------------------

ရက်စွဲ ---------------------------------------------------------------------------

## ၁၀။ သတင်းပို့တိုင်ကြားခြင်း






## ၁၁။ အရေးယူမှုပြုခြင်း

**အရေးယူမှုပြုခြင်း**

ယခုမူဝါဒကို ချိုးဖောက်ခြင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်မှုများရှိပါက အောက်ဖော်ပြပါ နည်းလမ်းအတိုင်းအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

**ဝန်ထမ်းများ**

(၁) နှုတ်အားဖြင့် သို့မဟုတ် စာဖြင့် သတိပေးတားမြစ်ချက်ထုတ်ပြန်၍ အသိပေးခြင်း

(၂) ရာထူး တာဝန်အား လျှော့ချခြင်း

(၃) တာဝန်မှ သတ်မှတ်ကာလအထိ ဆိုင်းငံ့ထားခြင်း

(၄) ဌာနမှ ထုတ်ပယ်ခြင်း

**ဝန်ကြီးဌာနအားပံ့ပိုးကူညီကြသူများ**

(၆) ပေးအပ်ထားသည့်တာဝန်များအားရုပ်သိမ်းခြင်း သို့မဟုတ် ခွင့်ပြုထားသည့်တာဝန်များကို ရုပ်ဆိုင်းခြင်း

**မိတ်ဖက်ပြုထားသူများနှင့် အခြားဆက်စပ်ပတ်သက်သူများ**

(၇) မိတ်ဖက်ပြုမှုအားရုပ်ဆိုင်းခြင်း သို့မဟုတ် အခြားသင့်လျော်မည့်အရေးယူမှုများပြုလုပ်ခြင်း

(၈) ဆက်စပ်ပတ်သက်မှုအားရုပ်ဆိုင်းခြင်း သို့မဟုတ် အခြားသင့်လျော်မည့်အရေးယူမှုများ ပြုလုပ်ခြင်း

**သင့်လျော်သည့်နည်းလမ်းတစ်ခုခုကို ရွေးချယ်ခြင်း**

(၉) အထက်ဖော်ပြပါနည်းလမ်းများမဟုတ်ပဲ လုပ်ငန်းကော်မတီအဖွဲ့က တွေ့ရှိချက် အပေါ်မူတည်၍ သင့်လျော်မည်ဟုယူဆသည့် အရေးယူမှုတစ်စုံတစ်ရာအားပြုလုပ်ခြင်း

**လွှဲပြောင်းပေးခြင်း**

လုပ်ငန်းကော်မတီသည် စုံစမ်းစစ်ဆေးမှု၏ရလဒ်အရ ယခုမူဝါဒအား ချိုးဖောက်သည့် အပြင် ပြင်ဌာန်းဥပဒေကို ကျူးလွန်ခြင်း ဖြစ်ပါက၊ ယခုမူဝါဒအား ချိုးဖောက်မှု မရှိသော်လည်း ပြင်ဌာန်းဥပဒေကို ကျူးလွန်ခြင်းဖြစ်ပါက သက်ဆိုင်ရာ ရဲဌာနအား အကြောင်းကြား၍ သက်ဆိုင်ရာ တရားစီရင်ရေး နည်းလမ်းများအတိုင်း ဆက်လက် အရေးယူဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဆင့်ကော်မတီ၏ လမ်းညွှန်မှုဖြင့် လွှဲပြောင်း ပေးရမည် ဖြစ်ပါသည်။

**မှတ်တမ်းပြုစုခြင်း**

နိုင်ငံတော်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် မြို့နယ်/ သတ်မှတ်နယ်မြေအလိုက် အဖွဲ့များတို့သည် မိမိတို့၏ ဆောင်ရွက်ချက်များ၊ အရေးယူမှုများ၊ ဆုံးဖြတ်ချက်များကို ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးတွင်လိုက်နာရမည့်စည်းကမ်း၊ နည်းလမ်းများနှင့်အညီ မှတ်တမ်းများကို ပြုစုထားရမည်ဖြစ်ပါသည်။

**အယူခံခြင်း**

လုပ်ငန်းကော်မတီ၏ အရေးယူဆောင်ရွက်မှု၊ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိပါက နိုင်ငံတော်အဆင့်ကော်မတီထံသို့ အယူခံတက်ရောက်နိုင်ပါသည်။ နိုင်ငံတော်အဆင့်ကော်မတီ၏ ဥက္ကဋ္ဌက ဦးဆောင်၍ သင့်လျော်သည့် နိုင်ငံတော်အဆင့်ကော်မတီဝင်များနှင့်အတူ အယူခံအဖွဲ့ကို ဖွဲ့ရမည်။ အယူခံအဖွဲ့အနေဖြင့် ကျူးလွန်သူ၏ တင်ပြပြောဆိုချက်ကို ကြားနာပြီးနောက် “မူလစုံစမ်းစစ်ဆေးမှုအစီရင်ခံစာ” ၊ လုပ်ငန်းကော်မတီ၏ “အရေးယူမှု သို့မဟုတ် ဆုံးဖြတ်မှု မှတ်တမ်း” တို့ကို သုံးသပ်၍ အပြီးသတ် ဆုံးဖြတ်ချက်ကို ချမှတ်ပေးရမည်ဖြစ်ပါသည်။

## ၁၂။ တိုင်ကြားသူအား အကာအကွယ်ပေးခြင်း

နိုင်ငံတော်အဆင့်ကော်မတီထံသို့လည်းကောင်း၊ လုပ်ငန်းကော်မတီထံသို့လည်းကောင်း၊ မြို့နယ်/သတ်မှတ်နယ်မြေအလိုက် အဖွဲ့များထံသို့ လည်းကောင်း တိုင်ကြားမှုတစ်ခုခုအား အသိပေး တိုင်ကြားလာသည့်အခါ၊ အသိပေး တိုင်ကြားလာသည့် သူမှာ မည်သူမည်ဝါ ဖြစ်ကြောင်းကို နိုင်ငံတော်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ မြို့နယ်/ သတ်မှတ်နယ်မြေအလိုက်အဖွဲ့များ၊ စုံစမ်းစစ်ဆေးရေး အဖွဲ့ဝင်များနှင့် သိရှိရန်တာဝန်ရှိသူများမှလွဲ၍ အခြားသူများ မသိရှိစေရန် လိုအပ်သည့် ကာကွယ် စောင့်ရှောက်မှု အစီအမံများကို တိုင်ကြားလာသူနှင့် ညှိနှိုင်းတိုင်ပင်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး တွင်လိုက်နာရမည့် စည်းကမ်း၊ နည်းလမ်းများနှင့်အညီ စီစဉ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

## ၁၃။ အကူအညီပေးခြင်း

**ဆန်းစစ်လေ့လာမှုပြုခြင်း**

လုပ်ငန်းကော်မတီကဖြစ်စေ၊ မြို့နယ်/ သတ်မှတ်နေမြေအလိုက် အဖွဲ့ကဖြစ်စေ၊ တိုင်ကြားမှုတစ်ခုခုကို ရရှိသည်နှင့် တပြိုင်နက် ကျူးလွန်ခံရသူ(များ)အတွက် လိုအပ်နိုင်မည့် ဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာအကူအညီများ၊ လုံခြုံရေးဆိုင်ရာ အကူအညီများ၊ အခြေခံစားဝတ်နေရေး ဆိုင်ရာအကူအညီများ၊ တရားဥပဒေဆိုင်ရာ အကူအညီများနှင့် အခြားလိုအပ်နိုင်မည့် အကူအညီများကို ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

**လိုအပ်သောပံ့ပိုးမှုပေးခြင်း**

ဆန်းစစ်လေ့လာမှု၏ တွေ့ရှိချက်များကို အခြေခံ၍ ကျူးလွန်ခံရသူ လိုအပ်သည့်၊ ရယူလိုသည့် အခြေခံဝန်ဆောင်မှုများကို တတ်နိုင်သမျှ အမြန်ဆုံးကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် သင့်လျော်မည့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဒေသရှိ အဖွဲ့များ၊ အကူအညီပေးနိုင်မည့် လူပုဂ္ဂိုလ်များတို့နှင့်ချိတ်ဆက်၍ အကူအညီများကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

## ၁၃။ အကောင်အထည်ဖော်ခြင်း

**ကြိုတင်ကာကွယ်ရေး**

အမျိုးသားညီညွတ်ရေးအစိုးရ၊ ဝန်ကြီးဌာနများအားလုံးသည် မိမိတို့လက်အောက်ရှိ ဆောင်ရွက် နေသည့် လုပ်ငန်းများ၊ အစီအစဉ်များတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘေးအန္တရာယ်များ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ရမည်။

ဆန်းစစ်လေ့လာမှုမှရရှိလာသည့်တွေ့ရှိချက်များကို အခြေခံ၍ ရှေ့ဆက်ဆောင်ရွက်သွားရမည့် လုပ်ငန်း အစီအစဉ်များကို ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်။

**အသိပညာမြှင့်တင်ပေးခြင်း**

နိုင်ငံတော်အဆင့်ကော်မတီအဖွဲ့ဝင်များအားလုံး၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များအားလုံးနှင့် မြို့နယ်/ သတ်မှတ် နယ်မြေအလိုက် အဖွဲ့ဝင်များအားလုံးကို တာဝန်ပေးအပ်သည့် အချိန်မှစ၍ ၎င်း၏တာဝန်ကို အပြည့်အဝထမ်းဆောင် နိုင်ရန်အတွက် လိုအပ်သော သင်တန်းများကို ကျွမ်းကျင်သူများ သို့မဟုတ် အတွေ့အကြုံရှိသူများက သင်တန်းများပံ့ပိုးခြင်းကို ပြုလုပ်ရမည်။ နောက်ပိုင်းလိုအပ်သော

နောက်ဆက်တွဲ သင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်အစီအစဉ်များ တက်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်။

**စုံစမ်းစစ်ဆေးမည့်အဖွဲ့များတွင် ပါဝင်ဆောင်ရွက်မည့်သူများ**ကို ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေး ကိစ္စရပ်များကို စုံစမ်း စစ်ဆေးရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုရှိစေရေးအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊ ဆွေးနွေး ပွဲများ၊ အတွေ့အကြုံများ ရရှိအောင် စီစဉ်ဆောင်ရွက် ပေးရမည် ဖြစ်ပါသည်။

**ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားလုံး၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာန အား ပံ့ပိုးကူညီကြသူများ၊ မိတ်ဖက်ပြုထားသူများ၊ နှင့် အခြားဆက်စပ်ပတ်သက်သူများအားလုံး**ကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် လုပ်ငန်းစတင်သည့်နေ့မှစ၍ ကလေးသူငယ်ကာကွယ် စောင့်ရှောက် ရေး ဆိုင်ရာ မူဝါဒအား အသိပေးရှင်းလင်းဆွေးနွေးပေးရမည်။ ၎င်းတို့အနေဖြင့်လည်း ဖော်ပြပါ မူဝါဒအား နားလည်သိရှိ၍ လိုက်နာပါမည်ဟု ကတိကဝတ်ပြုထားမှုအား သင့်လျော်မည့်နည်းလမ်း တစ်ခုခုဖြင့် ရယူထားရမည်။ ထို့နောက် မူဝါဒဆိုင်ရာသင်တန်း သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲကို အနည်းဆုံး တစ်နှစ်တွင် တစ်ကြိမ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**ရပ်ရွာရှိသူများအားအသိပညာပေးခြင်း၊ တိုင်ကြားစနစ်ထူထောင်ခြင်းနှင့် တိုင်ကြားမှု ယန္တယားကို သိရှိနားလည်အောင် ဆောင်ရွက်ပေးခြင်း**

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒကို အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်ရာ ဒေသအလိုက်တာဝန်ရှိသူများ၊ စစ်ဘေးရှောင်စခန်းများရှိသူများ၊ ယာယီခိုလှုံရာ စခန်းများရှိသူများ၊ ရပ်ရွာရှိသူများကလည်း နားလည်သိရှိအောင် သင့်လျော်သည့် နည်းလမ်းတစ်ခုခုကို အသုံးပြု၍ ဆောင်ရွက်ပေးရမည်။ ထို့အပြင် ယခုမူဝါဒအား လိုက်နာရမည့်သူများက ချိုးဖောက်မှုတစ်စုံတစ်ရာ ရှိလာပါက တိုင်ကြားနိုင်သည့် စနစ်တစ်ခုကို ကလေးသူငယ်များ အပါအဝင် ဖော်ပြပါပုဂ္ဂိုလ်များ ရှိရာ နေရာတိုင်းတွင် ထူထောင်ထားရှိရမည်။

## ၁၄။ စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း

### စောင့်ကြည့်လေ့လာခြင်း

ယခုမူဝါဒအား လက်တွေ့အကောင်အထည်ဖော်ရာတွင် အမှန်တကယ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ အားသားချက်များ၊ ပြုပြင်ရမည့်အချက်များ၊ သင်ယူလေ့လာရမည့်အချက်များကို ပုံမှန်စနစ်ဖြင့်

ပြုလုပ်နိုင်ရန်အတွက် နိုင်ငံတော်အဆင့်ကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်သူများ အဖွဲ့မှ ကိုယ်စားလှယ်များဖြင့် "စောင့်ကြည့်လေ့လာရမည့်မူဘောင်" တစ်ခုကို သတ်မှတ်ခြင်း၊ လိင်စိတ်ကွဲပြားသူ ကလေးသူငယ်များအပါအဝင် ကလေးသူငယ်များနှင့် လိင်စိတ်ကွဲပြားသူများ အပေါ် ကျရောက်နိုင်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဘေးအန္တရာယ်များကို အနည်းဆုံး ၆လ ၁ ကြိမ် ဆန်းစစ်လေ့လာ၍ လိုအပ်သော အစီအစဉ်များကိုရေးဆွဲအကောင်ထည်ဖော်ခြင်း၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ တိုးတက် ဆောင်ရွက်မှု အခြေအနေများကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ နှင့် အခြားသက်ဆိုင်ရာသို့ အခါအားလျော်စွာ ပုံမှန်အစီရင်ခံစာ များပေးပို့ခြင်းတို့ကို ဆောင်ရွက်သွားပါမည်။

## ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်မှုများပြုလုပ်ခြင်း

ယခုမူဝါဒအား အနည်းဆုံး ၁ နှစ်လျှင် ၁ကြိမ် ပြန်လည်သုံးသပ် ပြင်ဆင်မှုများကို ဆောင်ရွက်သွားပါမည်။ သို့သော် လိုအပ်ချက်များရှိလာပါက အခါအားလျော်စွာ ပြန်လည်သုံးသပ် ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။